ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၂၂ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် **"အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က)	ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ	ဥက္ကဋ္ဌ
(ခ)	ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်ထောင်စုဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဦးမင်းနောင် ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဦးခင်မောင်ရီ ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဦးမြင့်ကြိုင် ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဒေါက်တာစိုးဝင်း ပြည်ထောင်စုဝန်ကြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန	အဖွဲ့ဝင်

(ဆ) ဦးခွန်သန့်ဇော်ထူး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဇ) ဦးခက်ထိန်နန် အဖွဲ့ဝင်
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ဈ) ဦးဇော်မျိုးတင် အဖွဲ့ဝင်
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

(ည) ဦးစောမြင့်ဦး အဖွဲ့ဝင်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

(ဋ) ဒေါက်တာဝုန်ဆွန်းထန် အဖွဲ့ဝင်
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

(ဌ) ဦးမြတ်ကျော် အဖွဲ့ဝင်
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဍ) ဦးမြတ်ကို အဖွဲ့ဝင်
ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဎ) ဦးမျိုးဆွေဝင်း အဖွဲ့ဝင်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဦးအောင်ကြည်သိန်း အဖွဲ့ဝင်
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

(တ) ဦးထိန်လင်း အဖွဲ့ဝင်
ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ထ) ဦးအောင်အောင် အဖွဲ့ဝင်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဒ) ဗိုလ်မှူးချုပ်အောင်ဇော်ထွေး အဖွဲ့ဝင်
တိုင်းမှူး
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(ဓ) ဗိုလ်ချုပ်မြင့်ကျော်ထွန်း အဖွဲ့ဝင်
တိုင်းမှူး
အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

(န) ဗိုလ်ချုပ်ဇော်မင်းလတ် အဖွဲ့ဝင်
တိုင်းမှူး
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

(ပ) ဗိုလ်ချုပ် မျိုးမင်းထွန်း အဖွဲ့ဝင်
တိုင်းမှူး
အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

(ဖ) ဗိုလ်မှူးချုပ် စိုးလှိုင် အဖွဲ့ဝင်
တိုင်းမှူး
တြိဂံဒေသတိုင်းစစ်ဌာနချုပ်

(ဗ) ဗိုလ်ချုပ် ကျော်လင်းမောင် အဖွဲ့ဝင်
တိုင်းမှူး
အရှေ့တောင်တိုင်းစစ်ဌာနချုပ်

(ဘ) ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် အဖွဲ့ဝင်
တိုင်းမှူး
ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်

(မ) ဗိုလ်ချုပ်ကျော်စွာဦး အဖွဲ့ဝင်
တိုင်းမှူး
အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(ယ) ဗိုလ်မှူးချုပ် မျိုးမင်းထွေး အဖွဲ့ဝင်
တိုင်းမှူး
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

(ရ)	ဗိုလ်မှူးချုပ်ကြည်သိုက် တိုင်းမှူး တောင်ပိုင်းတိုင်းစစ်ဌာနချုပ်	အဖွဲ့ဝင်
(လ)	ဗိုလ်ချုပ် အောင်ကျော်ကျော် ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဝ)	ဗိုလ်ချုပ်ဖြိုးသန့် ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(သ)	ဒေါက်တာ ထိန်လင်းဦး ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဥပဒေရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(ဟ)	ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဠ)	ဗိုလ်ချုပ်မင်းသူ ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်	အဖွဲ့ဝင်
(အ)	ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)	အဖွဲ့ဝင်
(ကက)	ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်	အတွင်းရေးမှူး

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (National Solidarity and Peace – making Working Committee) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော မဟာဗျူဟာ ချမှတ်ခြင်း၊

(ခ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့်မူဝါဒများကို အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များချမှတ်ပေးခြင်း၊

(ဂ) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သောမဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ပေးခြင်း၊

(ဃ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း၊

(င) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA တွင် ပါဝင်လက်မှတ်ရေးထိုးလာစေရေးမှတစ်ဆင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချိန်ဇယားများ သတ်မှတ်ပေးခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၉ – ၉ – ၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် ၉၅ / ၂၀၂၃ ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး